# ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရန် အဆိုပြုမည့် အသင်းသား၏ အရည်အချင်းနှင့် လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များ

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အခန်း(၆)၊ အပိုဒ်(၂၅) တွင် သတ်မှတ်ချက်များနှင့် အခြားလိုအပ်ချက်အရ သတ်မှတ်ထားသော ပြည့်စုံရမည့် အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အသင်းသားများ၏ အကျိုးကို ရှေးရှုသူဖြစ်ရမည်။

(၂) အသင်းသား (Member) (သို့မဟုတ်) အကြီးတန်းအသင်းသား (Fellow)ဖြစ်ပြီးနှစ်စဉ်ကြေးမှအစ ပေးရန်တာဝန်များကို အသင်းသို့ ပေးသွင်းပြီးသူဖြစ်ရမည်။

(၃) ပညာရှင်ကျင့်ဝတ် (Professional Ethics) သိက္ခာ၊ သမာဓိနှင့် ပြည့်စုံသူ ဖြစ်ရမည်။

(၄) နိုင်ငံရေးပါတီများတွင် ပါဝင်ဆောင်ရွက်ခြင်းမှ ကင်းရှင်းသူ ဖြစ်ရမည်။

(၅) အသင်းသား (Member) အဖြစ် အနည်းဆုံး (၂)နှစ်ရှိသူ ဖြစ်ရမည်။

(၆) အသင်းမှ ချမှတ်ထားသော ခံစားခွင့်များကို အသင်းသားများ ရရှိနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။

(၇) အသင်း၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များအား အကျိုး သက်ရောက်မှု ရှိစေရန် ဆောင်ရွက်နိုင်ရမည်။

(၈) အသင်း၏ ရည်ရွယ်ချက်များကို အခြေခံလျက် သင်းဖွဲ့မှတ်တမ်းနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာ၍ လုပ်ငန်းများကို စီစဉ် ဆောင်ရွက်ရမည်။

(၉) အသင်းမှ အခါအားလျော်စွာ ဆုံးဖြတ်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်၊ ကန့်သတ်ချက် စသည်များ ကို ကိုယ်တိုင်လည်း လိုက်နာပြီး အသင်းသားများ လိုက်နာစေရေး ကြိုးပမ်းလုပ်ဆောင်ရမည်။

(၁၀) မိမိအကျိုးဖြစ်ထွန်းစေခြင်းငှာ အသင်းအားသွယ်ဝိုက်အသုံးချမှုများ မဖြစ်စေရန် ဂရုပြုရမည်။

(၁၁) အသင်း၏လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသင်းကောင်းကျိုးအတွက် မိမိကိုယ်ကျိုးမဖက် လုပ်ဆောင်နိုင်ရေး ဂရုပြုရမည်။

(၁၂) အသင်း၏ လစဉ်အစည်းအဝေးများသို့ ပုံမှန်တက်ရောက်အားပေး၊ ဆွေးနွေး အကြံပေးနိုင်အောင် ဂရုပြုလုပ်ဆောင် ရမည်။

(၁၃) အသင်းအပေါ်တွင် စစ်မှန်သော စေတနာထားရှိပြီး မှန်ကန်စွာ ကိုယ်စားပြုနိုင်ရေး ဂရုပြုရမည်။

(၁၄) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ပါ ဥပဒေပုဒ်မ ၂၈(ခ)ကို လိုက်နာသူ ဖြစ်ရမည်။

(၁၅) ရွေးချယ်တင်မြှောက်ပွဲတွင် (မပျက်မကွက်) ကိုယ်တိုင် တက်ရောက်ရမည်ဖြစ်ပြီး ရွေးချယ်တင်မြှောက်ခံရပါက ဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် တာဝန်အပ်နှင်းရန် ဆန္ဒပြုရွေးချယ်ပွဲများ ပြီးဆုံးသည်အထိ ပါဝင်တက်ရောက်ရမည်။

**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဗဟိုကော်မတီတွင် အောက်ပါကဏ္ဍများအလိုက် ကိုယ်စားလှယ်လောင်းများအဖြစ် လျှောက်ထားနိုင်ပါသည်-**

(၁) ပြင်ပအင်ဂျင်နီယာများ - လောလောဆယ်အစိုးရဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်ခြင်းမပြုသော အထက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ။

(၂) ပညာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူများ - အစိုးရ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် တာဝန်ထမ်းဆောင် နေသော အထက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ။

(၃) ဌာနဆိုင်ရာမှ အင်ဂျင်နီယာများ - အစိုးရဌာနဆိုင်ရာများတွင် လောလောဆယ် တာဝန်ထမ်းဆောင်နေသော အထက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ။

(၄) လူငယ်အင်ဂျင်နီယာများ - အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လူငယ်အင်ဂျင်နီယာကဏ္ဍအတွက် လျှောက်ထားနိုင်ပါသည်။

(က) ရွေးကောက်ပွဲကျင်းပမည့်နေ့ (၇-၂-၂၀၂၆) ရက်တွင် အသက် (၄၀) နှစ် မကျော်သူဖြစ်ရပါမည်။

(ခ) ဗဟိုကော်မတီဝင်အဖြစ်အရွေးချယ်ခံမည့် လူငယ်အင်ဂျင်နီယာများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်/ အသင်း/ အသင်းခွဲများ၏ လူငယ်အင်ဂျင်နီယာကော်မတီများတွင် အနည်းဆုံး (၂) နှစ်ဆက်တိုက် တက်ကြွစွာ ဦးဆောင်ပါဝင်လှုပ်ရှားခဲ့ဖူးသူဖြစ်ရမည်။

(ဂ) ထိုသို့လှုပ်ရှားခဲ့မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ အသင်းချုပ်/ အသင်း/ အသင်းခွဲများ၏ ဥက္ကဋ္ဌ သို့မဟုတ် တာဝန်ရှိသူများက ပေးအပ်သော ထောက်ခံချက်ပါရှိရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ဗဟိုကော်မတီအဖြစ် အရွေးချယ်ခံပိုင်ခွင့်ပါ အထက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများဖြစ်ရမည်။